## မာတိကာ


အမှာ ၇
၁။ အမေရိကန်တက္ကသိုလ် အမေရိကန်ကျောင်းသား ၁၁
၂။ အာရုံများတဲ့ ကမ္ဘာ ၁၃
၃။ မစ်ရှီဂန်တက္ကသိုလ်နဲ့ ထိပ်တန်းတက္ကသိုလ်များ ၁၇
၄။ နယ်ပယ်ကျွမ်းကျင်သူများအကြောင်း ၂၄
၅။ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်ထဲမှာ ၃၀
၆။ ဘယ်လို စာရေးဆရာ လုပ်ချင်တာလဲ ၃၄
၇။ ပေါလစီလေ့လာရေး အလုပ်များ ၃၇
၈။ အက်ဆေး ဘယ်လိုရေးမလဲ ၄၀
၉။ ခိုးယူကူးချမှု ပြဿနာ ၄၄
၁၀။ အမေရိကန်အသိအမှတ်ပြု တက္ကသိုလ်များ ၄၈
၁၁။ မြေအောက် ဥမင်လိုဏ်ခေါင်းများ ၅၁
၁၂။ တက္ကဆပ် စက်မှုစိုက်ပျိုးရေး တက္ကသိုလ် ၅၅
၁၃။ ဘယ်ဘက်ကို တိမ်းညွှတ်စေချင်တာလဲ ၆၁
၁၄။ မိမိကိုယ်သာ ကိုးကွယ်ရာ ၆၄
၁၅။ အလုပ်သင်ကျောင်းသား ၆၇
၁၆။ ဘယ်လိုနေရာတွေဟာ အလုပ်လွယ်သလဲ ၇၀
၁၇။ ကျောင်းတွင်း ဟောပြောပွဲများ ၇၂
၁၈။ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ ၇၆
၁၉။ ဦးနှောက်ဆေးကြော မခံရအောင် ၇၈
၂၀။ ဝင်ငွေကောင်းသည့် ပညာရပ်များ ၈၀
၂၁။ ခစ်ဂျစ်တယ်ခေတ် ၉၄
၂၂။ တက္ကသိုလ်၊ ကောလိပ် အမျိုးအစားများ ၁၁၃
၂၃။ ဗဟိုချုပ်ကိုင်မှု လျော့နည်းလာတဲ့ ပညာရေးစနစ် ၁၂၁
၂၄။ နှင်းမှုန်ဝေနေတဲ့ တက္ကသိုလ်များ ၁၂၆
၂၅။ သမင်မျက်လုံးနဲ့ အဝေးပြေးလမ်းမ ၁၃၁
၂၆။ အာရှ စာကြည့်တိုက် ၁၃၆
၂၇။ ကကြိုးတွေ ရောယှက်တတ်ဖို့လို ၁၃၉
၂၈။ ဒုတိယ ဘာသာစကား ၁၄၂
၂၉။ ပညာရေးအလဲအလှယ် ပရိုဂရမ်များ ၁၄၄
၃၀။ တရုတ် ကျောင်းသားလောကမှ ထောက်လှမ်းရေးများ ၁၄၉
၃၁။ ဖမ်းခံရမလား၊ ပြန်ပို့မလား၊ ဗီဇာပိတ်မလား ၁၅၃
၃၂။ ပညာရေးပစ်မှတ် ၁၅ ခု ၁၅၆
၃၃။ ဆီလီကွန် နည်းပညာများ ၁၇၀
၃၄။ နို့အတုများနဲ့ ကလေးတွေရဲ့ အာဟာရ ၁၇၃
၃၅။ အိမ်ပြင်စားသူများ သို့မဟုတ်
Home Improvement ပညာရေး ၁၇၆
၃၆။ စာသင်ကြားမှု အနုပညာ ၁၈၀
၃၇။ ပညာရေးပါရဂူဘွဲ့ အမျိုးအစားများ ၁၈၆
၃၈။ အပြင်လူ ကြောက်သူများ ၁၈၉
၃၉။ အလုပ်လုပ်ရင်း ပညာဆက်သင် ၁၉၃
၄၀။ ဘဝလုံခြုံစေမယ့် သိပ္ပံပညာရပ် ၁၉၇
၄၁။ ကယ်လီဖိုးနီးယားတက္ကသိုလ် (ဒေးဗစ်) ၁၉၉
၄၂။ စိုက်ပျိုးရေး အင်ဂျင်နီယာ ၂၀၂
၄၃။ အိုင်အိုးဝါးတက္ကသိုလ် ၂၀၅
၄၄။ ခရန်းနည်းပညာများ ၂၁၁
၄၅။ စက်မှုလွန် ကမ္ဘာဆီမှာ ၂၁၃
ဓာတ်ပုံများ ၂၁၇


## အမှာ

ဆယ်တန်းစာမေးပွဲတွေ ဖြေဆိုကြတယ်ဆိုတာ စစ်ပွဲတစ်ခုကို တိုက်ရသလိုပါပဲ။ တချို့က ဂုဏ်ထူးတွေ အများကြီးနဲ့ အောင်ကြတော့ ပျော်ကြတယ်။ ဒါပေမဲ့ မိဘတွေမျှော်မှာတော့ ပျော်ရပြီးတဲ့နောက် ရင်မောရတော့တယ်။ နောက်ထပ် စစ်ပွဲတစ်ခုကို ရင်ဆိုင်ရသလိုမျိုး၊ ကိုယ့်ရဲ့ သားသမီးရှေ့ရေးအတွက် ကျောင်းကောင်းတွေ ရှာကြရပြန်တယ်။ မြန်မာပြည်မှာက ရွေးချယ်မှုသိပ်မရှိလှဘူး။ ဆရာဝန်၊ အင်ဂျင်နီယာဘွဲ့တွေ မရရင်ဘဲ လူရာမဝင်တော့သလိုမျိုး ဖြစ်နေတယ်။ ဒါကြောင့်လည်း ကိုယ့်သားသမီးတွေ စိတ်မလေအောင်၊ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ပညာရေးတွေရအောင် နိုင်ငံရပ်ခြားကျောင်းတွေဆီ ပို့ဖို့ ကြိုးစားကြတော့တယ်။

နိုင်ငံတကာ ကျောင်းတွေဆီကို ပညာသင်မယ်ဆိုတော့ မေးခွန်းနှစ်ခု ပေါ်လာတယ်။ သူများတွေရဲ့ လူ့အဖွဲ့အစည်းကို ဝင်တိုးချင်တာလား။ ဒါမှမဟုတ် နိုင်ငံရပ်ခြားက တတ်တဲ့ ပညာနဲ့ ကိုယ့်နိုင်ငံကို ပြန်ပြီး အလုပ်လုပ်ချင်တာလား ဆိုတဲ့ မေးခွန်းတွေပဲ ဖြစ်တယ်။

တစ်ခုတော့ ရှိတယ်။ ဘဝဆိုတာ မျှော်လင့်ကြိုစည်ထားသလိုမျိုး



ဖြစ်ချင်မှ ဖြစ်မယ်။ သွားတုန်းကတော့ ကျောင်းပြီးရင် ကိုယ့်နိုင်ငံ ပြန်မယ် စိတ်ကူးပေမဲ့ အမေရိကားရောက်တော့ သူတို့ရဲ့ လူနေမှုစတိုင်တွေကို ကြိုက်သွားတာမျိုးလည်း ရှိတတ်သလို တချို့ကတော့ တိုင်းပြည်က အပြီးထွက်သွားချင်ပေမဲ့ မိသားစုကို လွမ်းစိတ်နဲ့ ပြန်လာပြီး အလုပ်အကျွေးပြုတာမျိုးလည်း ရှိတတ်တာပါပဲ။ အသက်အရွယ်အလိုက် တိမ်းညွတ်မှုတွေ ရှိတတ်ပါတယ်။

အမေရိကန် ကျောင်းသူကျောင်းသားတွေတောင်မှ သူတို့ရဲ့ တက္ကသိုလ်ဘဝမှာ မေဂျာ ၄ ခုလောက် ပြောင်းဖူးတယ်လို့ ဆိုတယ်။ တချို့က သူနာပြုဆရာမ လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာတယ်။ တကယ်တမ်း ကြိုက်နှစ်သက်သွားတဲ့ ဘာသာရပ်က စိတ်ရောဂါကုတဲ့သူ ဖြစ်ချင်တယ်။ တချို့ကတော့ အင်ဂျင်နီယာတစ်ယောက် လုပ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ကျောင်းသွားတယ်။ တကယ်တမ်း လုပ်ဖြစ်သွားတာက နိုင်ငံတကာဆက်ဆံရေး ဖြစ်နေပြန်တယ်။

ဘယ်လိုပဲ ဖြစ်နေပါစေ။ သေချာတာတစ်ခုကတော့ မိမိ ရောက်နေတဲ့ နေရာကနေ အကောင်းဆုံး တွေး၊ ပြေးနိုင်တဲ့သူဟာ အောင်မြင်မှုကို ဆွတ်ခူးကြမှာ အမှန်ပါပဲ။ အောင်မြင်မှုကို လိုချင်တယ်ဆိုရင် အောင်မြင်သူလို ကျင့်ကြံနေထိုင်ပါတဲ့။ ဆယ်တန်းတုန်းက အင်္ဂလိပ်စာဆရာ ပြောနေကျ စကားလေးပါ။

ဒါကြောင့် ဒီစာအုပ်ထဲမှာ တရုတ်လူမျိုးတွေရဲ့ ပညာရေးပစ်မှတ်နဲ့ ကြိုးစားအားထုတ်မှုတွေ၊ ဂျူးလူမျိုးတွေရဲ့ အမြော်အမြင်ကြီးမားမှုနဲ့ အကျင့်စရိုက်တွေ၊ အမေရိကန်တွေ ဘာကြောင့် အင်ပါယာတည်ထောင်နိုင်သလဲဆိုတဲ့ မေးခွန်းတွေကို အဖြေထုတ် ဆွေးနွေးတင်ပြထားပါတယ်။ တကယ်တော့ ကျွန်တော်တို့တစ်တွေဟာ အမှောင်ထဲမှာ နေခဲ့ရတာ များတော့ ပြင်ပကမ္ဘာဆီက အဖြစ်အပျက်တွေ၊ ပညာရေးတွေ၊ လူ့အဖွဲ့အစည်းတွေနဲ့ စိမ်းခဲ့ကြတယ်။

နိုင်ငံရပ်ခြားမှာတော့ ကျောင်းသူကျောင်းသားတွေဟာ ကိုယ်လေ့လာသင်ကြားချင်တဲ့ ပညာရပ်တွေကို ကိုယ့်ဘာသာ အင်တာနက်မှာ ရှာဖွေလေ့လာကြတယ်။ တက္ကသိုလ်တွေက ဖိတ်ခေါ်တဲ့ Open House တွေမှာ သွားရောက်တက်ကြတယ်။ ကိုယ်သိချင်တဲ့အရာတွေကို မေးကြတယ်။



ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလိုအခွင့်အရေးမျိုးတွေက မရှိသေးဘူးလေ။ ဒါကြောင့်လည်း နိုင်ငံခြားတက္ကသိုလ်တွေနဲ့ ပူးတွဲပြီး ဖွင့်လှစ်ကြတဲ့ ကျောင်းတွေ၊ အေဂျင်စီတွေ ရောက်လာပြီဆိုရင် မိဘတွေကိုယ်တိုင်က သားသမီးတွေကိုခေါ်ပြီး အချိန်ပေး နားထောင်ကြရတယ်။ သတင်းအချက်အလက်တွေ စုကြရတယ်။

ဒါကြောင့် ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က မိဘတွေအတွက် ဝန်ထုပ်ဝန်ပိုးလျော့စေမယ့် အကြံတွေပေးချင်တယ်။ ကျောင်းသူကျောင်းသားတွေအတွက်လည်း ကိုယ့်ဘဝကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်မယ့် နယ်ပယ်တွေကို စဉ်းစားတတ်အောင် ပညာရေးနယ်ပယ်အသီးသီးကို မိတ်ဆက်ပေးချင်တယ်။

စာဖတ်သူတွေအတွက် တစ်စုံတစ်ခုတော့ အကျိုးရှိလိမ့်မယ်လို့ ထင်ပါတယ်။

**အောင်မိုးဝင်း**

ခေတ္တ နယူးယောက်။